# ၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်း ဝယ်ယူမှုစည်းမျဉ်းသတ်မှတ်ရေးဥပဒေ။

{ ၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၅။ }

ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ သည် အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်-

၁။ (၁) ဤဥပဒေကို ၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်း ဝယ်ယူမှုစည်း မျဉ်းသတ်မှတ်ရေးဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင် သတ်မှတ်သည့်နေ့ရက်များ၌ စတင်အာဏာတည်ရမည်။

၂။ တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည် အမိန့်ကြော်ငြာစာဖြင့် မည်သူမဆို ထိုအမိန့်ကြော်ငြာစာတွင်သီးခြားဖော်ပြ သည့်နေ့ရက်မှစ၍ သီးခြားဖော်ပြသည့်ဒေသတွင် ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူရာ၌ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြသည့် အဆိုပါပစ္စည်းတခုခုနှင့်စပ်လျဉ်း၍ သီးခြားဖော်ပြသည့် အချိန်အတွက် ကိရိယာ၊ အလေး၊ တင်း၊ တောင်း အတိုင်းအတာကို အသုံးပြုရမည်ဟု ညွှန်ကြားနိုင် သည်။

၃။ မည်သူမဆို အစိုးရပြဋ္ဌာန်းထားသော သီးနှံအမျိုးအစားအလိုက် ကောက်ပဲသီးနှံလယ်ယာခြံ ထွက်ပစ္စည်းများဝယ်ယူရာတွင် -

(၁) မမှန်ကန်သောအလေးချိန်ဖြင့် ဝယ်ယူလျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် မမှန် ကန်သော တင်း တောင်း အတိုင်းအတာနှင့် ဝယ်ယူလျင်သော်လည်းကောင်း။

(၂) မမှန်ကန်သော အချိန်အတွယ် ကိရိယာကိုသော်လည်းကောင်း၊ မမှန်ကန်သော တင်း တောင်းအတိုင်းအတာကို အသုံးပြုလျှင်သော်လည်းကောင်း။

(၃) အစိုးရကပြဌာန်းထားသည့် အတိုင်းအတာ၊ အလေးချိန်ဖြင့် ဝယ်ယူရမည့်ပစ္စည်းကို အလေးချိန်ဖြင့် ဝယ်ယူခြင်းမပြုလျှင်သော်လည်းကောင်း၊ သို့တည်းမဟုတ် တင်း တောင်း အတိုင်းအတာဖြင့် ဝယ်ယူရမည့်ပစ္စည်းကို တင်းတောင်း အတိုင်းအတာနှင့် ဝယ်ယူခြင်းမပြုလျှင်သော်လည်းကောင်း၊ ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒါဏ်ငွေ အနည်းဆုံး ၃၀၀၀ ဖြစ်စေ၊ သို့တည်းမဟုတ် ထောင်ဒဏ်၊ ငွေဒဏ် နှစ်ရပ်စလုံးဖြစ်စေ စီရင်ခြင်းခံရမည်။

(၄) ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခုကို သက်ဆိုင်ရာခရိုင် လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ ကြိုတင်ခွင့်ပြုချက်မရဘဲ မည်သည့်တရားရုံးကမျှအရေးမယူရ၊ ထို့ပြင် ပဋ္ဌမတန်းအာဏာရ ရာဇဝတ်တရားသူကြီးအောက် အဆင့်အတန်းနိမ့်သော မည်သည့် ရာဇဝတ်တရားသူကြီးကမျှ ထိုပြစ်မှုမျိုးကို မစစ်ဆေးရ။

(၅) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည် အမိန့်ကြော်ငြာစာဖြင့် မည်သူကို မဆို သို့တည်းမဟုတ် မည်သည့်လုပ်ငန်းကိုမဆို ဤဥပဒေပါပြဌာန်းချက်အားလုံး သို့တည်းမဟုတ် တခုခုနှင့်သက်ဆိုင်ခြင်းမှ ခြွင်းချက်များဖြင့်ဖြစ်စေ၊ ခြွင်းချက်မပါဘဲ ဖြစ်စေ၊ ကင်းလွတ်ခွင့်ပေးနိုင်သည်။

(၆) ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရသည် အမိန့်ကြော်ငြာစာဖြင့် ဤဥပဒေပါ ကိစ္စများအထမြောက်အောင်ဆောင်ရွက်ရန်အလို့ငှာ နည်းဥပဒေများ ပြုနိုင်သည်။